NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သော သဝဏ်လွှာ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

၁။ ချင်းအမျိုးသားတို့၏ ပထမဆုံးနိုင်ငံရေးအဖွဲ့အစည်းဖြစ်သော ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီလ(၂၀) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့သည် နောင်အချိန်တွင် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ (ခမညဖ)" ဟူသောအမည်ဖြင့် ချင်းလူထုနှင့် တသားတည်းရပ်တည်ကာ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ လွတ်လပ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၈ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် စတင်ခဲ့သော ချင်းလူထုလှုပ်ရှားမှုကြီးသည်လည်း ချင်းအမျိုးသားတို့၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ပြန်သည်။ ထို့ပြင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းဝိသေသတိုင်းတွင်းအုပ်ချုပ်ရေးကို တိုက်သူကြီးများဖြင့် အုပ်ချုပ်သည့် စနစ်အစား လူထုရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရန် ဟူသော ဒီမိုကရေစီဆိုင်ရာအဆိုကိုလည်း ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကြီးတွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါသည်။ ထိုကဲ့သို့ ချင်းအမျိုးသားတို့၏ နိုင်ငံရေးတွင် အရေးပါလှသော အလှည့်အပြောင်းများ ဖော်ဆောင်နိုင်ခဲ့သည် သာမက ချင်းဝိသေသတိုင်း၏ ဒီမိုကရေစီအနှစ်သာရကို စတင်အကောင်အထည်ဖော်နိုင်ခဲ့သည့် ရက်စွဲတစ်ခုဖြစ်သော ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ်သတ်မှတ်ရန် ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ-၉ ရက်နေ့တွင် ကျင်းပခဲ့သော ချင်းရေးရာကောင်စီ အစည်းအဝေးတွင် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကာ နှစ်စဉ် ဂုဏ်ပြုကျင်းပခဲ့သည်မှာ (၇၅)နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ထိုသို့ ချင်းအမျိုးသားတို့ကိုယ်တိုင် စုစည်းတည်ဆောက်တောင်းဆိုခဲ့ကြသည့် ပြည်သူလူထုကိုအခြေပြုအုပ်ချုပ်သော ဒီမိုကရေစီစနစ်ထူထောင်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူညီမျှရေးတို့သည် ယနေ့ထက်တိုင် အနာဂတ်နိုင်ငံတော် တည်ထောင်နိုင်ရေးအတွက် လွန်စွာအရေးကြီးသည့် နိုင်ငံရေးလိုအပ်ချက်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။ ကာလရှည်ကြာ မြန်မာ့နိုင်ငံရေး ပြဿနာတို့အား အဖြေရှာရေးအတွက် အခြေခံအုတ်မြစ်လည်း ဖြစ်နေပါသည်။

၃။ ထိုအခြေခံအုတ်မြစ်ဖြင့် တည်ဆောက်ရန်လိုအပ်သော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးသည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ မချုပ်ငြိမ်းသရွေ့ ထူထောင်နိုင်မည် မဟုတ်သလို ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစစ်အမှန်သည်လည်း ရရှိနိုင်မည် မဟုတ်ကြောင်း နှစ်(၇၀) ကျော်ကြာ နိုင်ငံရေးပြဿနာများက မီးမောင်းထိုးပြလျက် ရှိပါသည်။

၄။ ထို့ကြောင့် လက်ရှိအချိန်တွင် ပြည်သူလူထုတစ်ရပ်လုံးလက်တွဲလျက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အဆုံးသတ်စေရန် နည်းလမ်းမျိုးစုံဖြင့် တော်လှန်တိုက်ပွဲဝင်နေ

ကြခြင်းဖြစ်ပါသည်။ ထိုသို့တော်လှန်တိုက်ပွဲဝင်ကြရာတွင် ချင်းအမျိုးသားတို့သည် ဦးဆောင်မှု အခန်းကဏ္ဍမှ ကူညီခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ အကာအကွယ်ပေးခြင်း၊ စစ်ပညာ သင်ကြားပေးခြင်း တို့အပြင် မိမိတို့ဒေသရပ်ရွာများကို စစ်တံလင်းအဖြစ် အနစ်နာခံကာ အသက်သွေးချွေး စတေးလျက် ရှေ့တန်းမှ ရှပ်ရှပ်ချွန်ချွန် တိုက်ပွဲဝင်နေကြသည်မှာလည်း မျက်မှောက်ခေတ်သမိုင်းတွင် အထင်အရှား ပင် ဖြစ်ပါသည်။

၅။ သို့ဖြစ်ရာ ယခုချင်းအမျိုးသားနေ့ (၇၅) ကြိမ်မြောက်အခါသမယတွင် ချင်းတိုင်းရင်းသားတို့ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး အခြေခံအုတ်မြစ်ဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှရေး အတွက် ကျွန်ုပ်တို့ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ အနေဖြင့် ချင်းတိုင်းရင်းသားများနှင့်အတူ တွဲလက်မြဲမြဲစွာ တော်လှန်တိုက်ပွဲဝင်သွားမည်ဟု အလေးအနက် ကတိသစ္စာပြုအပ်ပါကြောင်း သဝဏ်လွှာ ပေးပို့အပ် ပါသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)